## သာမန်ကာလ တတိယတနင်္ဂနွေနေ့

ရှင်မာတေဦး ၄း ၁၂ - ၂၃

ယနေ့ ဖတ်ရတဲ့ ရှင်မာတေဦးကျမ်းမှာ ယေဇူးဘုရားရှင်ရဲ့ ပထမဦးဆုံး ဟောကြားတော်မူတဲ့ တရားတော်ကို ကြားရပါတယ်။ ဘာတရားကများအရေးကြီးဆုံးမို့ အစ ပထမဆုံးဟောရတာလဲ။ “နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် နီးလာပြီ” လို့ ဟောပြောပါတယ်။ လူတွေဟာ ဘုရားတရားနဲ့ ကင်းကွာနေတာ ကြာရင် လူတွေအတွက် ဘုရားသခင် ရည်မှန်းထားတဲ့ ကောင်းကင်နိုင်ငံတော်ဆိုတာ လူတွေရဲ့ စိတ်ကူးထဲမှာတောင် မရှိတော့ပါဘူး။ ကောင်းကင်နိုင်ငံတော်၊ လူတွေရဲ့ပန်းတိုင်/လူတွေအရောက်ချင်ဆုံးနေရာဆိုတာက ငြိမ်းချမ်းတဲ့နေရာ၊ ပျော်စရာကောင်းတဲ့နေရာ ဖြစ်တယ်ဆိုတာ လူတိုင်းသိကြပါတယ်။

ကျနော်တို့ အခုနေ နေတဲ့ ကမ္ဘာလောကကိုလည်း အဲ့လို ငြိမ်းချမ်းတဲ့နေရာ၊ ပျော်စရာကောင်းတဲ့နေရာလို ဖြစ်ချင်ကြတယ်။ အဲ့လို ငြိမ်းချမ်းပြီးပျော်စရာကောင်းဖို့ မျှော်လင့်ကြတယ်။ ကျနော်တို့ နေထိုင်တဲ့အသိုင်းအဝိုင်းမှာ ငြိမ်းချမ်းဖို့၊ ပျော်စရာကောင်းဖို့ဆိုတာ အစပထမ နောင်တရဖို့ လိုပါတယ်။ ကိုယ့်အပြစ်အမှားတွေအတွက် နောင်တရတယ်ဆိုတာ မကောင်းတဲ့အပြစ်အမှားတွေ ၊ မုန်းတီးခက်ထန်ကြတာတွေကို ရှောင်ကြပြီးတော့ ဘုရားရဲ့တရားတော်အတိုင်း ကျင့်ကြံတာကို ပြောတာပါ။ လောကလူတိုင်းကသာ ဘုရားရဲ့တရားတော်ကို ကျင့်ကြံနေထိုင်ကြရင် ကျနော်တို့ မျှော်လင့်နေတဲ့အတိုင်း ငြိမ်းချမ်းမှာပဲ၊ ပျော်စရာကောင်းမှာ သေချာပါတယ်။

ဒါကြောင့် ယေဇူးဘုရားရှင် တရား စတင်ဟောကြားတဲ့ဒေသရှိလူတွေက အလင်းကို မြင်ရပြီလို့ တင်စားပြီး ဓမ္မဟောင်းကျမ်းမှာ အခုလို ကြိုတင်ရေးထားတာကို တွေ့ရပါတယ်။ “ဇေဘုလွန်နှင့် နတ်ဖတာလီနယ်ရှိ ပင်လယ်ကမ်းခြေတစ်လျှောက်၌လည်းကောင်း၊ လူမျိုးခြားတို့နေထိုင်ရာ ဂါလေလေးယနယ်၌လည်းကောင်း၊ မှောင်မိုက်တွင် ရှိနေကြသောလူတို့သည် ကြီးစွာသောအလင်းကို မြင်ရကြပြီ။ သေမင်းနိုင်ငံ၏အရိပ်တွင် နေထိုင်ကြသောသူတို့အပေါ်သို့ အလင်းတော်ပေါ်ထွန်းလေပြီ” တဲ့။

ယေဇူးဘုရားရှင်ရဲ့တရားတော်ကို မကြားရခင်မှာ လူတွေဟာ ဘယ်ဟာက အကောင်း၊ ဘယ်ဟာက အဆိုး ဆိုတာကို မသိမမြင်ရလောက်အောင် အမှောင်ထဲကလူတွေလို ဖြစ်နေကြပါတယ်။ သေမင်းစိုးမိုးတဲ့နိုင်ငံလို သေကြေပျက်စီးနေကြရပါတယ်။ အခုလို ကောင်းကင်နိုင်ငံတော်ရဲ့ သတင်းကောင်း ကြားလိုက်ရမှပဲ ရှင်ချင်စိတ်ပေါက်သွားတော့တယ်၊ အခုမှပဲ ကိုယ်ဟာ ဘုရားရဲ့သားသမီး ဂုဏ်သိက္ခာရှိမှန်း၊ ကိုယ့်ကိုယ်ကို တန်ဖိုးထားပြီး ရှင်ရမှန်း သိတော့တယ်။ ဒါကြောင့်လည်း ယေဇူးဘုရားရှင်ကိုယ်တော်တိုင်က လောကရဲ့အလင်း ဖြစ်တော်မူပါတယ်လို့ အခုလို မိန့်တော်မူပါတယ်။ “ငါသည် လောက၏အလင်း ဖြစ်တော်မူ၏။ ငါ့နောက်သို့ လိုက်သောသူသည်လည်း မှောင်မိုက်၌ မသွားမလာရ၊ အသက်၏အလင်းကို ရလိမ့်မည်” (ယောဟန် ၈း၁၂)

ယေရှုဘုရားရှင်ရဲ့တရားတော်က ဘုရားကိုယ်တော်တိုင် မိန့်တော်မူတဲ့ အမှားပြင်စရာ လမ်းညွှန်ချက်တွေ ဖြစ်တယ်လို့ ရှင်ပေါလုကသူ့တပည့် တိမောတေထံ အခုလို ရေးခဲ့ပါတယ်။ "ကျမ်းစာရှိသမျှတို့သည် ဘုရားသခင်၏နှိုးဆော်ချက်ခံခဲ့ရ၍ သွန်သင်ခြင်း၊ ဆုံးမပဲ့ပြင်ခြင်း၊ အမှားကို ပြုပြင်ပေးခြင်းနှင့် ဖြောင့်မတ်ခြင်း၌ လမ်းညွှန်ခြင်း စသည်တို့ကို ပြုလုပ်ရန် အသုံးဝင်၏" (တိမောသီဦး (ဒု) ၃း၁၆)

ကျနော်တို့ ခရစ်ယာန်တွေအတွက်ဆိုရင် ကျမ်းစာဟာ စာသားသက်သက် မဟုတ်ပါဘူး။ ကျမ်းစာဟာ/ နှုတ်ကပတ်တော်ဟာ ယေရှုဘုရားရှင်ကိုယ်တော်တိုင်ပဲဖြစ်တော်မူပါတယ်။ စာသားသက်သက်မဟုတ်ဘူး၊ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒါကြောင့် ယေရှုဘုရားပုဂ္ဂိုလ်ဖြစ်လို့ သူ့နောက်ကို လိုက်ကြရမယ်။ သူ့ကို အတုယူရမယ်။ သူက ခမည်းတော်ဘုရားကို ယုံကြည်သလို ယုံကြည်ကြရမယ်၊ သူက ခမည်းတော်ဘုရားကို ချစ်သလို ကျနော်တို့လည်း အတုယူပြီးချစ်ကြရမယ်။ နှုတ်ကပတ်တော်သည် လူ့အဖြစ်ကို ယူတော်မူ၍ ကျွန်ုပ်တို့အလယ်တွင် စံပယ်တော်မူ၏။

ဘုရားရဲ့နှုတ်တော်ထွက်စကား ဖြစ်တဲ့ ယေရှုဘုရားရှင်က ခေါ်တော်မူတဲ့အခါ ကျနော်တို့လည်း တပည့်တော်ကြီးများလို ချက်ချင်း လိုက်ဖို့ လိုပါတယ်။ အဲလို ယေရှုဘုရားရှင်ရဲ့နောက်ကို လိုက်ပြီး ယေရှုဘုရားရှင်နဲ့အတူ နေခြင်းက ကျနော်တို့ဘဝအတွက် အပျော်ဆုံးပါပဲ။ ယနေ့ ဆာလံထဲကလိုပဲ ကျနော်တို့ ဆန္ဒ ပြည့်ဝကြလိမ့်မယ်။ "ထာဝရဘုရားထံတော်၌ တစ်ခုတည်းသောဆုကို ငါတောင်းလျှောက်၏။ ငါလိုလားတောင်းတသောဆုသည်ကား ထာဝရဘုရား၏အိမ်တော်တွင် ငါ၏ဘဝတစ်သက်တာလုံး နေထိုင်၍ထာဝရဘုရားသခင်၏တင့်တယ်လှပခြင်းကို ဖူးမျှော်ရန်နှင့် ဗိမာန်တော်၌ ကိုယ်တော့ကို ရှာဖွေရန်ပင် ဖြစ်၏"

ဘုရားသခင်ကသာလျှင် ကျနော်တို့ဘဝတွေရဲ့ပျော်စရာ၊ စိတ်ချမ်းသာစရာဖြစ်လို့ သင်တို့ မိသားစုအသီးသီးဟာလည်း ဘုရားနဲ့ပေါင်းပါ၊ ဘုရားနောက် လိုက်ပါ။ နှုတ်တော်ထွက်စကား ကျမ်းစာရဲ့ သွန်သင်ချက်တိုင်း လိုက်နာကျင့်ကြံကြပါ။ ဒါဆိုရင် စိတ်ချမ်းသာစရာကောင်းတဲ့၊ ဘုရားကောင်းကြီးခံစားရတဲ့မိသားစုတွေ ဖြစ်လာပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။